# နအဖဝန်ကြီးချုပ်၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ရှင်းလင်းပွဲကို ဂျပန်နိုင်ငံ တိုကျို မြို့ ရှိဘူယမြို့နယ်ကုလသမဂ္ဂရုံးရှေ့တွင်ကန့်ကွက်ဆန္ဒပြ

၂၀၀၉စက်တင်ဘာလ၁၇ရက်။ ။

ဂျပန်နိုင်ငံတို ကျိုမြို့ရှိဘူယမြို့နယ်ကုလသမဂ္ဂရုံးရှေ့တွင်ယနေ့ ၃နာရီမှ၄နာရီအတွင်းဆန္ဒပြပွဲကျင်းပခဲ့ပါသည်။နအဖ စစ်အစိုးရ၏ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကမ္ဘာ့ကုလ သမဂ္ဂသို့သွားရောက်၍၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေ အားလူထုထောက်ခံမှုကိုရှင်းလင်းမည့်ကိစ္စနှင့်ပတ် သက်၍ ကန့်ကွက်ဆန္ဒပြခဲ့ကြပါသည်။နအဖစစ်အုပ်






စုမှ တဖက်သတ်ရေးဆွဲထားသောဖွဲ့စည်းပုံအခြေ ခံဥပဒေအားလုံးဝလက်မခံနိုင်ကြောင်း၊ကုလသ မဂ္ဂအနေဖြင့်မြန်မာပြည်သူတို့မလိုလားသော ၂၀၁၀ရွေးကောက်ပွဲကိုအသိအမှတ်မပြုရန်လ ကြောင်း၊၁၉၉၀ရွေးကောက်ပွဲရလဒ်ကိုစစ်အစိုး ရမှ လက်တွေ့အကောင်အထည်ဖော်စေရန် ကုလသမဂ္ဂအနေဖြင့်တိုက်တွန်းပေး




စေလိုကြောင်း အစ ရှိသည့်အချက်များတောင်းဆိုဆန္ဒပြခဲ့ကြပါသည်၎ ပွဲသို့ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီအဖွဲ့အစည်း အသီးသီး၊တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးနှင့် အခြားအဖွဲ့အစည်းများမှ စုစုပေါင်းအင်အား၅၀ ကျော်တက်ရောက်ခဲ့ကြပါသည်။မနက်ဖြန် မွန်းလွဲ ၂နာရီ မှ ၄နာရီ ရှီနာဂါဝါမြို့နယ် နအဖ အခွန်ရုံး ရှေ့တွင် နဝတ အာဏာသိမ်းသည့်နေ့ ဆန္ဒပြပွဲ ပြုလုပ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများ ပါဝင်နိုင်စေ ရန် အသိပေးဖိတ်ကြားအပ်ပါသည်။

Soe Aung Win အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်(လွတ် မြောက်နယ်မြေ)ဂျပန်ဌာနခွဲ သတင်းနှင့် ပြန်ကြားရေး

ဆန်နီသတင်းနှင့်ပြန်ကြားရေးတာဝန်ခံအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)ဂျပန်ဌာနခွဲ**Room (303) Villapallet Bldg, 1 - 3 - 23 Nishi - Sugamo, Toshima-ku , Tokyo170 - 0001JapanTel/Fax03(5974 -1981)nldlajp@yahoo.co.jp**/http://www.nldlajpbranch.com